## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၄၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက် )

### နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ငွေပေးချေရေးလုပ်ငန်းများကို မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေး<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဍ) | တပ်ဖွဲ့မှူး<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |

၂။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ တွင် ပါဝင်သော ဝန်ကြီးဌာန၊ ဦးစီးဌာန အလိုက် ပေါင်းစပ်ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ဝန်ကြီးဌာန/ ဦးစီးဌာန | အကျိုးအကြောင်းဖော်ပြချက် |
|---|---|---|
| ၁။ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် | - အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ပါ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊<br>- အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC)2025 ရည်မှန်းချက်ပါ Financial Integration အတွက် အကောင်အထည် ဖော်ရမည့် WC-PSS ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်၊<br>- ပြည်တွင်းငွေပေးချေမှုစနစ်ကို ပိုပြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်ရန်၊<br>- ပြည်တွင်းပုဂ္ဂလိကဘဏ်များ မိုဘိုင်းငွေပေးချေမှု စနစ် များအကြား ငွေပေးချေမှုကွန်ယက်အကောင်အထည် ဖော်ဆောင်ရွက်ရန်၊<br>- ငွေပေးချေမှုအတွက် စံများ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရန်၊<br>- ကော်မတီ၏ ဦးဆောင်မှုဖြင့် Agenda များ စီစဉ်ရန်၊ |
| ၂။ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | - ငွေပေးချေမှုစနစ် (CBM-NET) ကို အသုံးပြု၍ အခွန် ကောက်ခံမှုများကို ထိရောက်စွာ ဆောင်ရွက်ရန်၊<br>- ပြည်သူမှ အစိုးရ (P2G) နှင့် အစိုးရမှ ပြည်သူ (G2P) ငွေပေးချေမှုများကို Electronic နည်းလမ်းဖြင့် အပြည့် အဝ ဆောင်ရွက်ရန်၊<br>- နိုင်ငံပိုင်ဘဏ်များနှင့် အစိုးရဌာနများအကြား ငွေပေးချေ မှုများကို အီလက်ထရောနစ်စနစ် အသုံးပြု၍ ဆောင်ရွက် နိုင်ရန်အတွက် တွန်းအားပေးရန်၊ |

| စဉ် | ဝန်ကြီးဌာန/ ဦးစီးဌာန | လုပ်ငန်းတာဝန်ဖော်ပြချက် |
|---|---|---|
| ၃။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | - ပြည်တွင်းမိုဘိုင်းဖုန်းကွန်ယက်များမှ ငွေကြေး ဝန်ဆောင်မှုများ (Mobile Financial Service) ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြင့် ပူးတွဲ၍ လိုအပ်သော ကြီးကြပ်မှုများ ပြုလုပ်ရန်၊ |
| ၄။ | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | - E-ID ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်၊ |
| ၅။ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန | - E-commerce နှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊<br>- E-commerce အတွက် ပေးချေမှုများ ပြုလုပ်ရာတွင် Formal Payment များကို ပိုမိုအသုံးပြုလာနိုင်ရန်၊ |
| ၆။ | ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန | - နိုင်ငံခြားခရီးသွားများ၏ ဟိုတယ်နှင့်အခြားဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ |
| ၇။ | ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ် ပေးရေးဦးစီးဌာန | - Payment System Law အကောင်အထည်ဖော်ရေးဆွဲနိုင်ရန် ဥပဒေပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်ရန်၊ |
| ၈။ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | - ငွေပေးချေမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းရည်ပြည့်ဝသည့် နည်းဗျူဟာတည်ထောင်ရန်၊ |
| ၉။ | ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ | - သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုနှင့် ငွေကြေးခဝါချမှုဆိုင်ရာ ထိန်းချုပ်ကွပ်ကဲရေးကိစ္စရပ်များအတွက် ပူးပေါင်းပါဝင်ရန်၊ |

၃။ နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အာဆီယံစီးပွားရေးအသိုက်အမြုံ (ASEAN Economic Community - AEC) 2025 ပေါင်းစည်းရေးလုပ်ငန်းစဉ် (ASEAN Economic Instigation) များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်၏အမျိုးသားငွေပေးချေမှုများအား အီလက်ထရောနစ်ပေးချေမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန်၊

(ဃ) အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ငွေသားအသုံးပြုမှုလျော့ချပြီး၊ Digital နည်းလမ်းများဖြင့် ထိထိရောက်ရောက်လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ်ဖြစ်ရေးအတွက် နိုင်ငံတော်အဆင့်မှပေါင်းစပ်ညှိနှိုင်းကြီးကြပ် ဖော်ဆောင်ရန်၊

(င) ငွေပေးချေမှုစနစ်များအား ပြည်သူများအတွက် ဝန်ဆောင်မှုစရိတ်သက်သာစွာ အသုံးပြုနိုင်ရေး လိုအပ်သောစီမံမှုများပြုလုပ်ရန်၊

(စ) ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ယုံကြည်မှုရရှိရေး စီစဉ်ဆောင်ရွက်ရန်၊

(ဆ) ပြည်သူမှတရားမဝင်ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများအား မိမိနိုင်ငံ၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေးဆောင်ရွက်ရန်၊

(ဇ) ခေတ်မီငွေပေးချေမှုနည်းလမ်းများ၊ အီလက်ထရောနစ်ငွေကြေးများ စနစ်တကျပေါ်ပေါက်အသုံးပြုနိုင်ရန်နှင့် ဝန်ဆောင်မှုပေးသူနှင့် ရယူအသုံးပြုသူများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မည့် ငွေပေးစနစ်ဥပဒေတစ်ရပ် ပေါ်ပေါက်ရန်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၃ - ၁ - ၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၁၂ ( ၁ ) / ၈ / သမ္မတရုံး ဖြင့် ဖွဲ့စည်းခဲ့သည့် "နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ" ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ